## (၇) စက်ပ်တိုးရီးယားရွက်ပြောက်ရောဂါ (Septoria leaf spot)

**ရောဂါဖြစ်စေသက်ရှိ - *Septoria lycopersici* Speg.**

## ရောဂါလက္ခဏာ

ပထမစတင်ဖြစ်ပေါ်သည့်လက္ခဏာမှာအရွက်ဟောင်းများ၏အောက်မျက်နှာပြင်တွင် သေးငယ်သော စက်ဝိုင်းပုံ ရေစိုနာ အကွက်လေးများကိုတွေ့ရသည်။ ယင်း ရောဂါ ကွက်လေးများ၏ အလယ်ဗဟို သည် မီးခိုးရောင်ရှိပြီး အညိုရင့်ရောင် အနားသတ်များရှိသည်။ နောက်ပိုင်း တွင် ရောဂါကွက်လေး များသည် ကြီးမားကျယ်ပြန့်လာပြီး ပေါင်းစည်းသွားသည်။ ရောဂါ လက္ခဏာ များသည် များသောအား ဖြင့် အရွက်များပေါ်တွင် ပေါ်တတ်သော်လည်း အညှာနှင့် ပင်စည် များတွင် လည်း ဖြစ်ပွားနိုင်သည်။ အရွက်ရင့်များသည်ရောဂါကြောင့်ကြွေကျသွားသည်။ ပူနွေးစိုစွတ်သောရာသီဥတုသည် ရောဂါဖြစ်မှုကို အားပေးသည်။





## ကာကွယ်နှိမ်နင်းနည်းများ

- ခရမ်းချဉ်ခူးဆွတ်ရိတ်သိမ်းပြီးပါက ပင်ကြွင်းပင်ကျန်များအားလုံးဖယ်ရှားဖျက်ဆီးပစ်ပါ။
- စိုက်ခင်းတွင်ရောဂါရ အရွက်များကို ဖယ်ရှားဖျက်ဆီးပစ်ပါ။
- ကျန်းမာသန်စွမ်းသော၊ ရောဂါကင်းသော ပျိုးပင်များကိုသာ အသုံးပြုစိုက်ပျိုးပါ။

- Mancozeb (မန်ကိုဇက်)၊ Difenoconazole (ဒီဖီနိုကိုနာဇိုး), Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Metiram (မီတီရမ်) စသော မှိုသတ်ဆေးများ အသုံးပြုပက်ဖျန်းပါ။